ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်

Yangon Protestant Reformed Church

တနင်္ဂနွေစာစောင်၊ နံပတ် (၅၃)

နေ့စွဲ – ၁၄. ၁၁. ၁၀

## ဘုရားသခင်၏အမိန့်တော်များအကြောင်း

(God's Decrees)

ဘုရားသခင်က အရာခပ်သိမ်းကို ကြိုတင်ခွဲခန့်မှတ်သားတော်မူသည်ဟု သင် ယုံကြည်ပါသလား ? ဘုရားသခင်က ထိုသို့မပြုလျှင် မည်သို့ အရာခပ်သိမ်း ဖြစ်လာနိုင်သနည်း? ထိုမေးခွန်းများကို နောက်ခေါင်း စဉ်များတွင် ဆွေးနွေးပါမည်။

အရာခပ်သိမ်းကို ဘုရားသခင်က ဆုံးဖြတ်တော်မူသည်ဟု ကျမ်းစာကသွန်သင်ကြောင်း ကျွန်တော်တို့ ပြပါမည်။ ကျမ်းစာက ၎င်းကို ဘုရားသခင်၏အမိန့်တော်များဟု ပြောပါသည်။

ဘုရားသခင်၏အမိန့်တော်များဆိုသည်မှာ အရာခပ်သိမ်းအတွက် အစိုးရတော်မူစွာ ချမှတ်သော ဘုရားသခင်၏ ထာဝရဆုံးဖြတ်ချက်များဖြစ်သည်။ ရှိခဲ့ဘူးသည်များ၊ ရှိနေဆဲအရာများ၊ ရှိလိမ့်ဦးမည့်အရာများ အားလုံးအတွက်ဖြစ်သည်။ ဖန်ဆင်းခြင်းထဲတွင်၊ သမိုင်းထဲတွင်၊ ကယ်တင်ခြင်းတွင် ဖြစ်သမျှအတွက် ဖြစ်သည်။

ကျမ်းစာက အမိန့်တော်များကို သူ၏အကြံအစည်တော်(His counsel)ဟု ခေါ်ပါသည် (ဆာလံ ၇၃း၂၄ Thou shalt guide me with thy counsel, and afterward receive me *to* glory. (Psalm 73:24 KJV) ဆရာယုဒသန်ဘာသာပြန်တွင် မရှင်းလင်းသဖြင့် အသစ်ဘာသာပြန်သည် "ကိုယ်တော်၏အကြံအစည်တော်ဖြင့် အကျွန်ုပ်ကို လမ်းညွှန်တော်မူပါ၊ ထို့နောက် ဘုန်းအသရေသို့ လက်ခံတော်မူပါ၊" ဧဖက် ၁း၁၁)။ အမိန့်တော်များဆိုသည်မှာ သုံးပါးတဆူဘုရားသခင်က ပြုလုပ်တော်မူမည့်အရာများ၊ ရည်ရွယ်တော်မူချက်များ ဖြစ်ပါသည်ဟု အထူးပြုချင်သောကြောင့်ဖြစ်ပါသည်။

ဘုရားသခင်၏ရည်ရွယ်ချက်(His purpose)ဟုလည်း ပြောပါသည် (ဟေရှာ ၁၄း၂၄–၂၇၊ ဧဖက် ၃း၁၁)။ ဘုရားသခင်၏အမိန့်တော်များသည် ထင်ရာဓွတ်လုပ်သည်မဟုတ်၊ အားလုံး၏ရည်ရွယ်ချက်သည် ဘုရားသခင့်ဘုန်းတော် ထင်းရှားဖို့ရန်ဖြစ်ကြောင်း ပြချင်၍ဖြစ်သည်။

ဘုရားသခင်၏ကျေနပ်သဘောကျတော်မူခြင်း(good pleasure)ဟုလည်း ပြောပါသည် (ဟေရှာ ၄၄း၂၈၊ လုကာ၁၂း၃၂)။ ဘုရားသခင့်အမိန့်တော်များသည် မည်သူ့အပေါ်တွင်မျှ မမှီခို၊ သူ့အပေါ်တွင်သာတည်မှီသည်ဟု အထူးပြုချင်၍ ထိုသို့ပြောခြင်းဖြစ်သည်။ လူသားနှင့်အခြားသတ္တဝါများက မည်သို့ပြုကြမည်ဟု ကြိုတင်သိခြင်းတွင်လည်း မတည်မှီပါ။ သူ၏အမိန့်တော်များသည် လွတ်လပ်ပါသည်၊ အမှီခိုကင်းပါသည်။ ဘုရားသခင်က အရာခပ်သိမ်းကို အမိန့်တော်ချမှတ်လုပ်ဆောင်သည်၊ အဘယ်ကြောင့်ဆိုသော် ထိုသို့ဖြစ်ရန် သဘောကျ၍ဖြစ်သည်။

ဘုရားသခင်၏အလိုတော်(His will)ဟုလည်း ခေါ်ပါသည် (ရောမ ၁း၁၀၊ ဧဖက် ၁း၅)။ သူ၏အမိန့်တော်များသည် ကံကြမ္မာသက်သက်မျှမဟုတ်၊ အသက်ရှင်တော်မူသော ဘုရားသခင်၏ နှလုံးတော်ထဲမှ အတွေးများဖြစ်ကြသည်ဟု ပြချင်၍ထိုသို့ပြောခြင်းဖြစ်သည်။

ဘုရားသခင်၏ဆုံးဖြတ်တော်မူခြင်း(His determination)ဟုလည်း ခေါ်ပါသည် (ဟေရှာ ၁၀း၁၇၊ လုကာ ၂၂း၂၂)။ သူ၏အမိန့်တော်များသည် ခိုင်မြဲကြောင်း၊ မပြောင်းလဲနိုင်ကြောင်းကို အထူးပြုချင်၍ ထိုသို့ပြောခြင်းဖြစ်သည်။

ဘုရားသခင်၏အမိန့်တော်ဟုလည်း ခေါ်ပါသည် (ဆာလံ ၂း၇)။ ကြီးမြတ်သောဘုရင်ကြီး၊ အစိုးရတော်မူသောဖန်ဆင်းရှင်၊ ကောင်းကင်မြေကြီး၏အရှင်သခင်အနေနှင့် ဘုရားသခင်သည် အရာခပ်သိမ်းကို ဆုံးဖြတ်တော်မူကြောင်း ကျွန်တော်တို့ကို သတိရစေချင်၍ထိုသို့ပြောခြင်း ဖြစ်ပါသည်။

ထိုသို့ ဘုရားသခင့်အမိန့်တော်များကို ဖေါ်ပြရန် စကားစုမျိုးစုံကို သုံးထားသဖြင့် ၄င်းတို့သည်မည်မျှ အရေးကြီးကြောင်း ထင်ရှားစေပါသည်။ ဆိုးညစ်သော၊ ပြဿနာပေါင်းသောင်းခြောက်ထောင်ဖြစ်နေသော ကမ္ဘာကြီးအလည်တွင် ငြိမ်သက်ခြင်း (သို့) မျှော်လင့်ခြင်းကို ရချင်ပါလျှင် ထိုအကြောင်းအရာများကို သိခြင်းသည် အရေးကြီးလှပါသည်။

ဘုရားသခင်က အရာခပ်သိမ်းကို ကြိုတင်စီစဉ်ထားသည် (သို့) ကြိုတင်ခွဲခန့်မှတ်သားထားသည်ဟု ယုံကြည်ခြင်းလောက် မည်သည်ကမှ လူတဦးကို နှစ်သိမ့်မှုမပေးနိုင်ပါ။ ထိုအခါ အကြောင်းအရာတို့သည် ကံကြမ္မာသက်သက်ကြောင့် ဖြစ်ချင်တိုင်း မဖြစ်ကြကြောင်း၊ ကောင်းမြတ်လှသော၊ ပညာရှိလှသော ဘုရားသခင်၏ စီရင်မှုဖြင့်သာ ဖြစ်ပျက်ကြကြောင်း သိလာပါမည်။ ထိုအခါ ကျွန်တော်တို့၏ဘဝများ၌ ဖြစ်နေသော၊ သမိုင်းထဲ၌ဖြစ်နေသော အကြောင်းအရာအတော်များများကို ထိန်းချုပ်နေသည့် ဆိုးညစ်သောတန်ခိုးစွမ်းအားနောက်တမျိုး ရှိမနေကြောင်း သိလာပါမည်။ ထိုသို့မှားယွင်းစွာတွေးလျှင်၊ မျှော်လင့်ခြင်းမဲ့ (သို့) ငြိမ်သက်မှုမဲ့ အဖြစ်၌သာ ကျန်နေပါမည်။

အရာခပ်သိမ်းကို ဘုရားသခင်က စီစဉ်ဆုံးဖြတ်ခြင်း ဆိုသည့်အမှန်တရား၌ နှစ်သိမ့်မှုရဖို့၊ ဘုရားသခင်သည် ပညာရှိတော်မူကြောင်း၊ ကောင်းမြတ်တော်မူကြောင်းကို သေချာစွာ သဘောပေါက်မှုရပါမည်။ ထို့အပြင် ထိုသူသည် ဘုရားသခင်၏ ကျေးဇူးတော်နှင့်ဂရုဏာတော်ကို သိရပါမည်။ သခင်ယေရှုခရစ်တော်ကို ယုံကြည်မှသာ ထိုသို့ဖြစ်နိုင်ပါမည်။ သူသည် ဘုရားသခင်၏တန်ခိုးတော်နှင့်ဉာဏ်ပညာတော်ဖြစ်ပါသည် (၁ကော ၁း၂၄)။ ဘုရားသခင်အား သခင်ခရစ်တော်မှတဆင့် သိခြင်းသည်၊ ဘုရားသခင်သည် ကောင်းမြတ်တော်မူကြောင်း သိနိုင်ဖို့ သေချာသောလမ်းဖြစ်ပါသည်။

## အားလုံးပါဝင်သော ဘုရားသခင်၏အမိန့်တော်များအကြောင်း
## (God's All-comprehensive Decrees)

ကျမ်းစာက ဘုရားသခင်၏အမိန့်တော်များဆိုသည်မှာ အရာခပ်သိမ်းအတွက် အစိုးရတော်မူစွာ ချမှတ်သော ဘုရားသခင်၏ ထာဝရဆုံးဖြတ်ချက်များဖြစ်သည်၊ ရှိခဲ့ဘူးသည်များ၊ ရှိနေဆဲအရာများ၊ ရှိလိမ့်ဦးမည့်အရာများ အားလုံးအတွက်ဖြစ်သည်၊ ဖန်ဆင်းခြင်းထဲတွင်၊ သမိုင်းထဲတွင်၊ ကယ်တင်ခြင်းတွင် ဖြစ်သမျှအတွက်ဖြစ်သည်ဟု မကြာခဏပြောပြပါသည်။

သို့သော် ထိုအမိန့်တော်များက အရာခပ်သိမ်းကို တကယ်ပင် ကြိုတင်ခွဲခန့်မှတ်သားပါသလား?

ဘုရားသခင်သည် အရာခပ်သိမ်းကို ကြိုတင်ခွဲခန့်မှတ်သားတော်မူကြောင်း ကျမ်းစာက ရှင်းစွာပြောပါသည်။ ဘုရားသခင်က အောက်ဖေါ်ပြသောအကြောင်းအရာများကို အမိန့်တော်ချမှတ်သည်။

- ကမ္ဘာမြေကြီးနှင့်၄င်း၏အခြေခံအုတ်မြစ်များ (သုတ္တံ ၈း၂၉)
- ပင်လယ်နှင့်၄င်း၏နယ်နိမိတ်များ (ယောဘ ၃၈း၈–၁၁)
- မိုးရွာခြင်း (ယောဘ ၂၈း၁၆)
- နေ၊ လနှင့်ကြယ်များ (ဆာလံ ၁၄၈း၃–၆)
- အချိန်များ၊ သမိုင်းခေတ်များ (ဟေရှာ ၄၆း၉–၁၀)
- နိုင်ငံများ၏အတိုင်းအတာ အကျယ်အဝန်းများ၊ လူမျိုးစုများ၏နယ်နိမိတ်များ (တမန် ၁၇း၂၆)
- ကျွန်တော်တို့၏မွေးနေ့၊ အကျင့်စရိုက် (ဆာလံ ၁၃၉း၁၅၊ ၁၆)
- ကျွန်တော်တို့အသက်ရှင်ပုံ (ယေရမိ ၁၀း၂၃)၊ ကျွန်တော်တို့၏အတွေးများ၊ စကားလုံးများ (သုတ္တံ ၁၆း၁)
- ဘုရားတရားမသိသောလူများအပါအဝင်၊ လူတို့၏ အစွမ်းသတ္တိ၊ ဩဇာအာဏာ (ထွက် ၉း၁၆)
- လူတို့၏ ဆိုးညစ်မှုများ (၁ပေ ၂း၈)၊ သခင်ခရစ်တော်ကို လက်ဝါးကပ်တိုင်ပေါ် တင်သတ်သူများ၏ဆိုးညစ်ခြင်းအပါအဝင်၊ (တမန် ၄း၂၄–၂၈)
- ရောက်လာမည့်အန္တိခရစ်၏နိုင်ငံ(အင်ပါယာ)ကြီး (ဗျာ ၁၇း၁၇)
- ဆိုးညစ်သူများကို တရားစီရင်တော်မူခြင်း (မဿဲ ၂၆း၂၄၊ ၂၅၊ ရောမ ၉း၂၂)
- အပြစ်ထဲသို့ ကျဆုံးသော ကောင်းကင်တမန်များကို တရားစီရင်ခြင်း (ယုဒ ၆)

– အရာခပ်သိမ်း၏အဆုံးသတ်နိဂုံး (ဟေရှာ ၄၆း၁၀)
– သခင်ယေရှု၏ မွေးဖွားခြင်း (ဆာလံ ၂း၇၊ ၈)၊ ရှင်သန်ခြင်း (လုကာ ၂၂း၂၂)၊ သေဆုံးခြင်း (တမန် ၁၃း၈)။
– ကယ်တင်ခြင်းရဖို့ လိုအပ်သောအရာတစ်ခုမကျန်၊ ခေါ်တော်မူခြင်း(ရောမ ၈း၂၈)၊ ယုံကြည်သူတို့၏ယုံကြည်ခြင်း(တမန် ၁၃း၄၈)၊ ဖြောင့်မတ်ခြင်း (ရောမ ၈း၃၀)၊ မွေးစားခံရခြင်း (ဧဖက် ၁း၅)၊ သန့်ရှင်းခြင်း၊ ကောင်းသောအကျင့် ကျင့်ခြင်း(ဧဖက် ၁း၃၊ ၄၊ ၂း၁၀)၊ ဘုန်းအသရေကို အမွေခံရခြင်း (ဧဖက် ၁း၁၁)။
– ကောင်းကင်၊ မြေကြီး၊ ငရဲထဲ ရှိသည့်အရာအားလုံး (ဆာလံ ၁၃၅း၆–၁၂)

ထိုအကြောင်းအရာတို့ကို ယုံကြည်သူတယောက်ဖို့ လက်ခံရန်မခက်ပါ။ အခြားသူများအတွက် မည်သို့သောအခ်ပွါယ် သက်ရောက်သည်ဖြစ်ပါစေ၊ ယုံကြည်သူတယောက်အတွက်မူ အရာခပ်သိမ်းကို ဆိုးညစ်သောလူသားက မထိန်းချုပ်၊ နတ်ဆိုးကလည်း မထိန်းချုပ်၊ ဘုရားသခင်ကသာ ထိန်းချုပ်တော်မူသည်ဟု အဓိပ္ပါယ်ရပါသည်။

ထို့ကြောင့် အဓိပ္ပါယ်မှာ အားလုံးသည် သူဘာသာသူ ဖြစ်လာသည်မဟုတ်၊ – အထူးသဖြင့် ဘုရားသခင့် လူများထံ၊ သူတို့၏ ကောင်းကင်ဘုံ၌ရှိတော်မူသော အဖ၏ ဖြစ်လာဖို့ ခန့်အပ်ထားပြီးသည်တို့သာ ဖြစ်ကြပါသည်ဟု ဆိုလိုခြင်းဖြစ်သည်။ ထို့ကြောင့် အရာခပ်သိမ်းက ဘုရားသခင်ကို ချစ်မြတ်နိုးသူတို့အတွက် ကောင်းသည်ကိုသာ လုပ်ပေးကြရသည်၊ အဘယ်ကြောင့်ဆိုသော် သူတို့၏ဖခင်က အရာအားလုံးကို အမိန့်တော် ချမှတ်ထားပြီးဖြစ်သောကြောင့်ဖြစ်သည်။

အရာခပ်သိမ်းအတွက် ဘုရားသခင်က အစိုးရတော်မူစွာ စီမံခန့်ခွဲထားပြီးဖြစ်ကြောင်းကို မသိခြင်းသည်၊ "မြေကြီးပေါ်မှဖြစ်လတ့်သော ဘေးကြီးများကိုမျှော်ကြည့်၍၊ လူများတို့၏ နှလုံးသားများ ကြောက်ရွံ့တုန်လှုပ်ကြရခြင်း"၏ အကြောင်းအရင်းဖြစ်ပါသည် (လုကာ ၂၁း၂၆)။ အစိုးရတော်မူသော၊ အမိန့်တော်များချမှတ်သော ဘုရားသခင်မရှိလျှင်၊ ထိုသူတို့သည် မျှော်လင့်ခြင်းမဲ့သူများဖြစ်ကြသည် (ဧဖက် ၂း၁၂)။

ထို့ကြောင့် ကမ္ဘာသူ၊ ကမ္ဘာသားများရှေ့တွင် "ငါတို့၏ဘုရားသခင်သည် ကောင်းကင်ဘုံ၌ရှိတော်မူ ၏၊ အလိုတော်ရှိသမျှအတိုင်း(စိတ်ကြိုက်)ပြုတော်မူ၏"ဟု ဝန်ခံမှုပြုကြပါမည် (ဆာလံ ၁၃၅း၃)။

## အကျိုးအာနိသင်ရှိသောဘုရားသခင်၏အမိန့်တော်များအကြောင်း
(God's Efficacious Decrees)

ကျွန်တော်တို့ နားလည်ရမည်မှာ ဘုရားသခင်၏အမိန့်တော်များသည် စာရွက်ပေါ်မည်ကာမတ်တ ရေးထားသော သာမန်အစီအစဉ်များ၊ ကောင်းကင်ဘုံ ထောင့်တထောင့်ရှိအမှိုက်ပုံးထဲတွင် ဖုံအလိပ်လိုက် တက်အောင် ပစ်ထားသောအရာ မဟုတ်ပါ၊ အသက်ရှင်နေသော၊ တန်ခိုးနှင့်ပြည့်ဝသော ဘုရားသခင့်အလိုတော်ဖြစ်ပါသည်။ ဘုရားသခင့်အမိန့်တော်များဆိုသည်မှာ၊ ဘာများလုပ်ရင်ကောင်းမလဲဟု တချိန်ပြီးတချိန်၊ အကြံထုတ်ပြင်ဆင်နေသည်မျိုး မဟုတ်ပါ။ ၎င်းတို့သည် မပြောင်းလဲနိုင်သော သူ၏စိတ်နှလုံးမှအတွေးများ ဖြစ်ကြပါသည်။ ဖြစ်ပျက်သမျှတို့၏ အရင်းအမြစ်၊ အကြောင်းအရင်း ဖြစ်ပါသည်။

ဘုရားသခင်က တစုံတခုကို အလိုတော်ရှိသည်နှင့် – အရာခပ်သိမ်းဖြစ်လာဖို့ တကယ်ပင်အလိုတော်ရှိပါသည် – ထိုအလိုရှိသော တစုံတခုသည် ဖြစ်ကိုဖြစ်လာရပါမည်၊ ဖြစ်လည်းဖြစ်လာပါသည်၊ အဘယ်ကြောင့်ဆိုသော် သူကအလိုတော်ရှိသောကြောင့်ဖြစ်သည်။ ကျမ်းစာက ထိုကိစ္စနှင့်ပတ်သက်၍ ရှင်းနေပါသည်။ ဟေရှာယ ၄၆း၉၊ ၁၀ တွင် ဘုရားသခင်က "ရှေးကာလ၌ ဖြစ်ဖူးသောအမှုအရာတို့ကို အောက်မေ့ကြလော့၊ ငါသည်ဘုရားသခင်ဖြစ်၏၊ ငါမှတပါး အခြားသောဘုရားမရှိ၊ အဦးမှစ၍ အဆုံးတိုင်အောင်၎င်း၊ ရှေးကာလမှစ၍ မဖြစ်သေးသော အမှုအရာတို့ကို၎င်း ပေါ်ပြလျှက်၊ ငါ့အကြံတည်လိမ့်မည်၊ ငါ့အလိုရှိသမျှကို ပြည့်စုံစေမည်"ဟု ပြောပါသည်။ ဆာလံ ၇၃း၂၃–၂၄ တွင် ဆာလံရေးသူက သူသည် ဘုရားသခင်အကြံအစည်တော်ဖြင့် လမ်းပြခံရကြောင်း (ဆရာယုဒသန်၏ မြန်မာကျမ်းတွင် "ဉာဏ်ပေး၍"ဟုပြောသည်၊ ၎င်းကို မူရင်းကျမ်းစာတွင် "အကြံအစည်တော်ဖြင့်လမ်းညွှန်သည်"ဟုပြောထားပါသည်)၊ သူသည် ဘုရားသခင် ၏ အလိုတော်တွင် ဘာတွေရှိနေမည်ကို ကြိုတင်သိ၍ လိုက်သွားခြင်းမဟုတ်ကြောင်း၊ သို့သော် အကြံအစည်

တော်က သူ့ဘဝတခုလုံးကို ပြဋ္ဌာန်းကြောင်း၊ ဘဝတွင် တွေ့ကြုံရမည့်အရာအားလုံးကို ပြဋ္ဌာန်းသဖြင့် တွေ့ကြုံရကြောင်း ဖေါ်ပြပါသည်။

တမန် ၂း၂၃ ကလည်း သခင်ခရစ်တော်၏အသေခံခြင်းနှင့်ပတ်သက်၍ ထိုအမှန်တရားကို အထူးပြုပြောပြပါသည်။ ထိုကျမ်းပိုဒ်က သခင်ယေရှုသည် ဆိုးညစ်သော သူ၏ရန်သူများလက်သို့ “ဘုရားသခင်၏ကြိုတင်သိတော်မူခြင်း၊ ကြိုတင်ခွဲခန့်သောအမိန့်တော်ဖြင့်” အပ်နှံခြင်းကို ခံရသည်ဟု ပြောပါသည်။ သခင်ခရစ်တော်၏ သေခြင်းနှင့်ဆိုင်သောအမှန်တရားသည် ကျွန်တော်တို့ ဘုရားသခင့်ထံတော်မှ အမွေရသည့်ပုံစံနှင့် အတူတူပင်ဖြစ်ပါသည်။ “သူ၏ကြံစည်ခြင်းရှိသည်အတိုင်း၊ ရှေးမဆွက ခွဲခန့်မှတ်သားတော်မူသည်နှင့်အညီ၊ ငါတို့သည် ခရစ်တော်အားဖြင့် အမွေခံဖြစ်ကြ၏၊” ဧဖက် ၁း၁၁။

ထို့ကြောင့် မည်သူကမှ ဘုရားသခင်၏အလိုတော်ကို မပြောင်းစေနိုင်ပါ၊ ကမောက်ကမဖြစ်အောင်မလုပ်နိုင်ပါ။ လုပ်နိုင်ပါသည်ဟု ထင်ကြသူများရှိနေပါသည်။ အချို့က ဘုရားသခင့်စိတ်သဘောထားကို ဆုတောင်းခြင်းဖြင့် ပြောင်းနိုင်ပါသည်ဟု ထင်နေကြပါသည်၊ အကြိမ်အမြောက်အများဆုတောင်းခြင်းဖြင့်၄င်း (သို့) လုံလောက်သောလူဦးရေဖြင့် ဆုတောင်းလျှင် ပြောင်းပစ်နိုင်သည်ဟု ထင်နေကြသည်။ တချို့ကလည်း ရှုးကြောင်ကြောင် ဘာသာရေးမျက်လှည့်ပြမှုများဖြင့် မိမိတို့အလိုဆန္ဒများပြည့်စုံလာအောင် ဘုရားသခင်ကို လှည့်ပတ်ခိုင်းစေ၍ရကြောင်း မှားယွင်းစွာထင်နေကြပါသည်။ ဘုရားသခင်၏အလိုတော်သည် တန်ခိုးတော်အနန္တနှင့်ပြည့်စုံကာ၊ မပြောင်းလဲသောအရာ ဖြစ်တော်မူပါသည်။

ထိုအကြောင်းကို ကျမ်းစာက အလွန်ရှင်းအောင်ပြောပြပါသည်၊ ဒံယေလ ၄း၃၅ တွင် မယုံကြည်သူဘုရင်တပါးဖြစ်သည့် နေဗုခဒ်နေဇာက ဘုရားသခင်ကို မည်သူကမှ “ဘာလို့အဲဒီလိုလုပ်တာလဲ?ဟု မမေးနိုင်ကြောင်း အသိအမှတ်ပြုပါသည်။ ရောမ ၉း၁၉၊ ၂၀ ကလည်း မည်သူကမျှ ဘုရားသခင့်အလိုတော်ကို မတားဆီးနိုင်ပါဟု ပြောပါသည်။

ဘုရားသခင်သည် သူ၏ တွေးခေါ်မျှော်မြင်နိုင်သော ဖန်ဆင်းခံများဖြစ်သည့် လူများ၊ ကောင်းကင်တမန်များ၏ ပြုမူလှုပ်ရှားခြင်းများ အပေါ်တွင်လည်း အစိုးရတော်မူပါသည်။ သုတ္တံ ၁၆း၉ က ကျွန်တော်တို့သည် စီမံကိန်းများချမှတ်တတ်ကြသော်လည်း ဘုရားသခင်ကသာ ခြေလှမ်းများကို ပြဋ္ဌာန်းသည်ဟု ပြောပါသည်။ စိတ်နှလုံးထဲမှကြံစည်ခြင်း၊ လျှာမှပြောဆိုခြင်းများသည်လည်း သူ့ထံတော်မှသာလာပါသည် (၁၆း၁)။ ရှင်ဘုရင်၏ စိတ်နှလုံးသည် ဘုရားသခင့်လက်ထဲတွင်ရှိပါသည် (သုတ္တံ ၂၁း၁)။

ဘုရားသခင်၏အမိန့်တော်များသည် တန်ခိုးတော်နှင့်ပြည့်ဝကာ ပြောင်းလဲခြင်းမရှိနိုင်ခြင်းသည် ယုံကြည်သူတို့အတွက် ကြီးသောနှစ်သိမ့်ခြင်းဖြစ်စေပါသည်။ ထိုအချက်ကြောင့် သူတို့၏ကယ်တင်ခြင်းသည် သေချာလွန်းနေခြင်းဖြစ်ပါသည်။ သူတို့၏ အလိုဆန္ဒ ပြောင်းနိုင်ပါသည်၊ သူတို့စိတ်လည်း ပြောင်းတတ်ပါသည်၊ သို့သော် ဘုရားသခင်၏အလိုတော်နှင့်စိတ်နှလုံးတော်သည် ပြောင်းလဲခြင်းမရှိပါ။ ထို့ကြောင့် အရာခပ်သိမ်းက သူတို့၏ကောင်းကျိုးကို ပြုလုပ်ပေးကြပါသည်ဟု ယုံကြည်ကြရခြင်းဖြစ်သည် (ရောမ ၈း၂၈)။ ဘုရားသခင်သည် အစိုးရတော်မူစွာ၊ မပြောင်းလဲစွာ အရာခပ်သိမ်းကို အမိန့်တော်ချမှတ်ပါသည်။သူတို့၏ကယ်တင်ခြင်းကို အမိန့်တော်ချမှတ်သည့်အခါ သူ၏အလိုတော်ကို မည်သည်ကမျှ မပြောင်းစေနိုင်ပါ၊ ကမောက်ကမ မဖြစ်စေနိုင်ပါ၊ ကောင်းကင်တမန်များကဖြစ်စေ၊ အစိုးရသောတန်ခိုးများကဖြစ်စေ၊ စွမ်းအင်များကဖြစ်စေ၊ ယခုလက်ရှိအရာများကဖြစ်စေ၊ လာဦးမည့်အရာများကဖြစ်စေ၊ အသက်ရှင်ခြင်း သေဆုံးခြင်းကဖြစ်စေ၊ မည်သည့်သတ္တဝါကဖြစ်စေ မည်သည်ကမှ မပြောင်းလဲစေနိုင်ပါ၊ (ရောမ ၈း၃၈၊ ၃၉)။

အရာခပ်သိမ်းသည် သူ့ထံမှလာ၍၊ သူ့အတွက်ဖြစ်ပြီး၊ သူ့အားဖြင့်သာ ဖြစ်နေကြပါသည်။ မည်မျှကြီးမြတ်သော ဘုရားသခင်၊ ကယ်တင်ရှင် ဖြစ်တော်မူပါသနည်း!

(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

+++++++++++++++++++++++++++++++++++++++++++++++++++

## ဗျာဒိတ်ကျမ်းကိုဖွင့်ဟကြည့်ခြင်း (၁၄)

၁ – သိုးသငယ်သည် တံဆိပ်ခုနှစ်ချက်တွင် တချက်ကို ဖွင့်သောအခါ ငါကြည့်လျှင်၊ မိုးကြိုးသံမြည်သကဲ့သို့ သတ္တဝါလေးပါးတွင် တပါး က၊ လာ၍ကြည့်လော့ဟု ဆိုသည်ကို ငါကြား၏။ ၂ – ထိုအခါ ငါကြည့်လျှင်၊ မြင်းဖြူတစီးရှိ၏။ မြင်းစီးသောသူသည် လေးကိုကိုင်၏။ သူ ၌သရဖူကို ပေးတော်မူ၏။ အောင်မြင်လျက်၄င်း၊ အောင်မြင်ခြင်းငှာ၄င်း ထွက်သွား၏။ ၃ – ဒုတိယတံဆိပ်ကို ဖွင့်သောအခါ၊ ဒုတိယ သတ္တ ဝါက၊ လာ၍ကြည့်လော့ဟုဆိုသည်ကို ငါကြား၏။ ၄ – ထိုအခါ မြင်းနီတစီးထွက်၍ စီးသောသူသည် ငြိမ်ဝပ်ခြင်း (ငြိမ်းခြမ်းရေး)ကို မြေကြီးက ရုပ်သိမ်းခြင်းငှာ၄င်း၊ မြေကြီးသားတို့ကို အချင်းချင်း အသေသတ်စေခြင်းငှာ၄င်း အခွင့်ရ(အာဏာကိုပေးထား)၏။ သူ၌ ဓါးကြီးကို ပေးတော်မူ၏။ ၅ – တတိယတံဆိပ်ကိုဖွင့်သောအခါ၊ တတိယသတ္တဝါက လာ၍ကြည့်လော့ဟုဆိုသည်ကို ငါကြား၏။ ထိုအခါ ငါ ကြည့်လျှင် မြင်းနက်တစီးရှိ၏။ မြင်းစီးသောသူသည် ချိန်ခွင်ကိုကိုင်၏။ ၆ – သတ္တဝါလေးပါးအလယ်၌ ပြောသံဟူမူကား၊ ဒေနာရိတ ပြားနှင့်ဂျုံဆန်တခွက်ကိုရ၏(ဘာလီသုံးခွက်ကိုတပြားနှင့်ရ၏)။ ဆီနှင့်စပျစ်ရည်ကို မပျက်စေနှင့်ဟု ဆိုသည်ကို ငါကြား၏။ ၇ – စတု တ္ထတံဆိပ်ကို ဖွင့်သောအခါ စတုတ္ထသတ္တဝါက လာ၍ကြည့်လော့ဟု ဆိုသည်ကို ငါကြား၏။ ၈ – ထိုအခါ ငါကြည့်လျှင် မြင်းမွဲတစီးရှိ၏။ မြင်းစီးသောသူသည် မရဏာ(သေခြင်း) ဟူသောအမည်ရှိ၏။ မရဏာနိုင်ငံ(ငရဲ)သည် ထိုသူနောက်သို့ လိုက်လေ၏။ သူသည် မြေကြီးလေး စိတ်တစိတ်ကို အစိုးရ၍ ဓါးဘေး၊ မွတ်သိပ်ခြင်းဘေး၊ နာ၍သေဘေး(သေခြင်းဖြင့်)၊ မြေသားရဲဘေးအားဖြင့် သတ်ပိုင်သော အခွင့်ကို ရ၏။

## မြင်းစီးသမားလေးဦး၊ အပိုင်း (၂)

၁။ ဒုတိယမြင်းစီးသမား၊ "ဒုတိယတံဆိပ်ကို ဖွင့်သောအခါ၊ ဒုတိယ သတ္တ ဝါက၊ လာလော့ဟုဆိုသည်ကို ငါကြား၏"ဒုတိယသတ္တ ဝါသည် နွားကလေးနှင့်တူပါသည်၊ ၄း၇။ ဒုတိယမြင်းစီးသမားအကြောင်းနားလည်ဖို့ မြင်း၏အရောင်ကို ကြည့်ရပါမည်။ ထို့အပြင် မြင်းစီးသူထံ ဓါးကြီးကိုပေးထားကြောင်း၊ မြေကြီးပေါ်မှ ငြိမ်းချမ်းခြင်းကို ရုတ်သိမ်း ခွင့် ပေးထားကြောင်း၊ လူသားများ တဦးနှင့်တဦးကို သတ်ဖြတ်စေနိုင်ကြောင်း စသည်တို့ကိုလည်း ထည့်သွင်း စဉ်းစားရမည်။

အရောင်နှင့်ပတ်သက်၍ ဒုတိယမြင်းသည် အနီရောင်ဖြစ်သည်။ ဒေါသ၊ ပြင်းထန်သောစိတ်၊ ရန်ငြိုး၊ သွေး ထွက်သံယိုမှုတို့၏ နိမိတ်ပုံဖြစ်သည်။ ကျမ်းစာတွင် ထိုသို့သုံးသည်၊ ဧဒုံပြည်မှလာသူသည် အနီရောင် ဝတ်ရုံ ကိုဝတ်သည်၊ ဟေရှာ ၆၃း၁၊၂။ ဘုရားသခင်သည် သူ၏အမျက်ဒေါသတွင် တောက်လောင်နေသောမီး ဖြစ် သည်၊ ဟေဗြဲ ၁၂း၂၉။ ကျမ်းစာက အနီရောင် စပျစ်သီးနယ်ရာဆိုသော ဘုရားသခင့်အမျက်တော်အကြောင်း ကို ပြောပါသည်။

အမျက်ဒေါသ၊ သွေးထွက်သံယိုဖြစ်ခြင်း စသည့်အိုင်ဒီယာကို၊ မြင်ရသောအခြားအသေးစိတ်အချက်အလက် တို့က ဆက်၍ပြောသည်။ မြင်းစီးသူထံ ဓါးကြီးကိုပေးထားခြင်း၊ နိုင်ငံ့အစိုးရတို့၏ လက်စားချေနိုင်သော တန် ခိုးအာဏာ၊ သေဒဏ်ပေးနိုင်သောသြဇာ။ ကမ္ဘာပေါ်မှ ငြိမ်းချမ်းရေးကို ရုတ်သိမ်းနိုင်ခွင့်၊ လူသားတို့အား အချင်းအချင်း သတ်ဖြတ်စေနိုင်ခြင်း၊ ထို့ကြောင့် သာမန်လူသတ်မှုမဟုတ်၊ စစ်ပွဲများကိုပြောနေခြင်းဖြစ်သည်။ သတိပြုရမည်မှာ ဒုတိယမြင်းစီးသူသည် တားဆီး၍မရနိုင်သော စွမ်းအားတရပ်ဖြစ်သည်။ ဘုရားသခင့် အ မိန့်တော်များမှ ထွက်လာသည် (တံဆိပ်ခုနှစ်ချက် ခတ်သောစာအုပ်မှထွက်လာသည်)။ သခင်ခရစ်တော်၏ လမ်းညွှန်ထိန်းချုပ်မှုအောက်တွင်ဖြစ်သည် (တံဆိပ်များကို ဖွင့်သူ)။ ကမ္ဘာပေါ်ရှိ စစ်ပွဲတိုင်းကို ဖြစ်စေသော အကြောင်းအရင်းကို ဆိုလိုသည်။

၂။ တတိယမြင်းစီးသမား၊ "တတိယတံဆိပ်ကိုဖွင့်သောအခါ၊ တတိယသတ္တဝါက လာလော့ဟုဆိုသည်ကို ငါကြား၏" တတိယ သတ္တဝါက လူမျက်နှာကို ပိုင်ဆိုင်သည်၊ ၄း၇။ (ဤနေရာတွင် သတ္တဝါလေးပါးနှင့် မြင်းစီးသူလေးဦးတို့၏ ဆက်နွယ်မှုကို တွေ့နိုင်ပါသည်။ ဘုရင်နှင့်တူသောခြင်္သေ့မင်းက၊ မြင်းဖြူကိုစီးသော အောင်မြင်သူကို လိပ်မူ သည်။ ကြမ်းတမ်းသော နွားက အနီရောင်မြင်းစီးသူ စစ်သူရဲကို လိပ်မူသည်။

လူမျက်နှာရှိသော သတ္တဝါက မြင်းနက်ကြီးကိုစီးသူ ကုန်သည်ကို လိပ်မူသည်။ ပျံနေသောလင်းယုန်ငှက်က မြင်းမွဲပေါ်ရှိ သေမင်းကို လိပ်မူ ပါသည်။)

တတိယမြင်း၏အဓိပ္ပါယ်ကိုသိရန် ပထမအနေနှင့် သူ့အရောင်ကို စဉ်းစားရမည်၊ အနက်ရောင်ဖြစ်သည်။ ၎င်းသည် လိုအပ်ချက်ကိုဖေါ်ပြသော အရောင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော အဖြူရောင်သည် အရောင်အားလုံး၏ ပေါင်းစပ်မှုကို ဖြစ်သလို၊ အနက်ရောင်သည် အရောင်မဲ့နေခြင်းဖြစ်ပါသည်။ ထို့ကြောင့် လူ့ဘဝ ၏လိုအပ်ချက်အားလုံးကို ပုံဆောင်သည်။ ကျမ်းစာကလည်း ထိုသို့သုံးပါသည်၊ ယေရမိ ၁၄း၂၊ မိုးခေါင်ခြင်း ကြောင့် တံခါးတို့သည် မဲနက်နေကြသည်။ ယေမြည် ၅း၁၀၊ ငတ်မွတ်ခေါင်းပါးခြင်းကြောင့် ငါတို့၏အရေပြား သည် မဲနက်နေပါသည်။ ထို့အပြင် အခြားသောလက္ခဏာများကလည်း ဆာလောင်ခြင်း၊ လိုအပ်နေခြင်းတို့ကို ဆက်၍ပြောပြနေပါသည်။

မြင်းစီးသူသည် ကုန်သည်၊ ဈေးသည်ကို ပုံဆောင်ပါသည်။ သူ့လက်ထဲတွင် ချိန်ခွင်ကိုင်ထားသည်။ "ဒေနာရိတ ပြာ နှင့်ဂျုံဆန်တခွက်ကိုရ၏(ဘာလီသုံးခွက်ကိုတပြားနှင့်ရ၏)၊ ဆီနှင့်စပျစ်ရည်ကို မပျက်စေနှင့်"ဟု ပြောနေပါသည်။ တပြား ဆိုသည်မှာ ထိုခေတ်က တနေ့လုပ်ခကို ပြောခြင်းဖြစ်သည်၊ မဿဲ ၂၀း၉။ ဂျုံဆန် တခွက် (သို့) ဘာလီ သုံး ခွက် ဆိုသည်မှာ တယောက်၏ တနေ့စာကို ပြောခြင်းဖြစ်သည်။ ထို့ကြောင့် တနေ့လုပ်စာနှင့် တနေ့စာ တ ယောက်အတွက်သာ လုံလောက်သည်ဟု ပြောနေခြင်းဖြစ်သည်။

အခြားတဖက်တွင် "ဆီနှင့်စပျစ်ရည်" ဆိုသည်မှာ ပေါများခြင်း၊ ချမ်းသာခြင်း၊ ဇိမ်ခံခြင်းတို့ကိုပုံဆောင်သည်။ ထိုအရာတို့ကို မထိခိုက်ရဟု ပြောနေသည်။ အဆင့်အတန်းကွာခြားမှုကို ပြောနေခြင်းဖြစ်သည်။ ချမ်းသာသူများက သုံးဖြုန်းဇိမ်ခံနေကြချိန်တွင်၊ လူများစုကြီးမှာ ဆင်းရဲလှသည်၊ တနေ့လုပ်စာဖြင့် တနေ့စာပင် မရနိုင်လောက်အောင် ဖြစ်နေကြသည်။

သတိပြုရမည်မှာ တတိယမြင်းစီသူသည် တားဆီး၍မရနိုင်သော စွမ်းအားတရပ်ဖြစ်သည်။ ဘုရားသခင့် အမိန့်တော်များမှ ထွက်လာသည် (တံဆိပ်ခုနှစ်ချက် ခတ်သောစာအုပ်မှထွက်လာသည်)။ သခင်ခရစ်တော်၏ လမ်းညွှန်ထိန်းချုပ်မှုအောက်တွင်ဖြစ်သည် (တံဆိပ်များကို ဖွင့်သူ)။ လူ့သမိုင်းတလျှောက် တနေ့စာကိုမနည်းပင်ရှာနေရသူ၊ လူများစု ဆင်းရဲသားများနှင့် မကုန်ဆုံးနိုင်အောင် စည်းစိမ်ယဇ်မူးဇိမ်ခံနေကြသော လူနည်းစုများ၏ ကွာခြားမှုကို ဖြစ်စေသော၊ ဆက်လက်ဖြစ်နေစေသော စွမ်းအားကို ပြောနေခြင်းဖြစ်သည်။

၃။ စတုတ္ထမြင်းစီးသူ၊ " စတု တ္ထတံဆိပ်ကို ဖွင့်သောအခါ စတုတ္ထသတ္တဝါက လာလော့ဟု ဆိုသည်ကို ငါကြား၏" စတုတ္ထသတ္တဝါ သည် ပျံနေသောလင်းယုန်နှင့်တူပါသည်။ ဤနေရာတွင်လည်း မြင်း၏ အရောင်သည် အရေးကြီးပါသည်၊ မွဲခြောက်ခြောက်ဖြစ်သည်။ ဖြူဖတ်ဖြူယော်ဖြစ်သည်။ လူသေအရောင်ဖြစ်သည်။ ထိုအချက်နှင့်ကိုက်ညီစွာ မြင်းစီးသူသည် သေမင်းဖြစ်သည်။ ငရဲက သူ့နောက်လိုက်ပါသည်။ နည်းမျိုးစုံဖြင့် သေစေနိုင်သောအခွင့် ရ သည်။ ဓါးဖြင့်၊ အငတ်ဘေးဖြင့်၊ ကမ္ဘာပေါ်ရှိသားရဲများဖြင့် ကမ္ဘာ့လူဦးရေ၏ လေးပုံတပုံကို အမြဲသေစေနေ သည်။ လေးပုံတပုံ ဆိုသည်မှာ ကမ္ဘာကြီး၏ ပုံမှန်လူသေနှုန်းဖြစ်သည်။

သတိပြုရမည်မှာ စတုတ္ထမြင်းစီသူသည် တားဆီး၍မရနိုင်သော စွမ်းအားတရပ်ဖြစ်သည်။ ဘုရားသခင့် အမိန့်တော်များမှ ထွက်လာသည် (တံဆိပ်ခုနှစ်ချက် ခတ်သောစာအုပ်မှထွက်လာသည်)။ သခင်ခရစ်တော်၏ လမ်းညွှန်ထိန်းချုပ်မှုအောက်တွင်ဖြစ်သည် (တံဆိပ်များကို ဖွင့်သူ)။ ခန္ဓာကိုယ်သေခြင်းဖြစ်သည်။ သင့်တော်သောအချိန်၊ သင့်တော်သောနေရာတွင် ပုံမှန် လူများသည် သေဆုံးနေကြသည်။

===================================

ယောဖြဲ ၂း၅-၁၀

၅ - ငါတို့ပြောနေသော နောင်ကပ်ကမ္ဘာကို အုပ်စိုးရသောအခွင့်ကို ကောင်းကင်တမန်တို့၌ အပ်ပေးတော်မူသည်မ ဟုတ်၊

၆ – တနေရာ၌ တယောက်သောသူက၊ လူသည် အဘယ်သို့သောသူဖြစ်၍ ကိုယ်တော်သည် အောက်မေ့တော်ရသ နည်း? [သို့] လူ၏သားကို အကြည့်အရှု ကြွလာတော်မူရသနည်း?ဟု အတိအလင်းကြေညာပါသည်။
၇ – သူ့ကို ကောင်းကင်တ မန်တို့ထက် အနည်းငယ် နှိမ့်လျှက် ပြုလုပ်တော်မူပြီ၊ သူ့ကို လှပခန့်နားခြင်း၊ ဂုဏ်ကျက် သရေရှိခြင်းတို့ဖြင့် သူရဖူးဆောင်းပေးသည် [မင်းမြှောက်သည်]၊ လက်တော်ဖြင့် လုပ်သောအလုပ်များအားလုံးအပေါ် အုပ်စိုးစေပါသည်၊
၈ – ကိုယ်တော်သည် အရာခပ်သိမ်းကို သူ၏ခြေအောက်၌ အုပ်စိုးခြင်းခံရန်ထားတော်မူပြီ၊ ထိုသို့ အရာခပ်သိမ်းကို သူ၏အုပ်စိုးခြင်းအောက်၌ ထားသောအခါ၊ သူ့အောက်၌မထားဘဲ ချန်ထားသောအရာ တခုမှမရှိပါ၊ သို့သော် ယခု ချိန်တွင် အရာခပ်သိမ်းအား သူ့အောက်၌ ထားတော်မူခြင်းကို ငါတို့ မမြင်ကြရသေးပါ။
၉ – သို့သော် သခင်ယေရှုကို ငါတို့ မြင်ကြရသည်၊ သူ့ကို ကောင်းကင်တမန်တို့ထက် အနည်းငယ် နှိမ့်လျှက် ပြုလုပ် တော်မူပြီ၊ အဘယ်ကြောင့်ဆိုသော် သေခြင်းကို ခံစားဖို့ရန်ဖြစ်သည်၊ သူ့ကို လှပခန့်နားခြင်း၊ ဂုဏ်ကျက်သရေရှိခြင်း တို့ဖြင့် သူရဖူးဆောင်းပေးသည် [မင်းမြှောက်သည်]၊ ထိုသို့ဖြင့် သူသည် ဘုရားသခင့်ကျေးဇူးတော်၌ လူတိုင်းအတွက် သေခြင်းကို မြည်းစမ်းရန်ဖြစ်သည်။
၁၀ – အဘယ်ကြောင့်ဆိုသော အရာခပ်သိမ်းကို မိမိအတွက်ဖြစ်စေသူ၊ အရာခပ်သိမ်းကို မိမိအားဖြင့်ဖြစ်စေသူအ တွက် သားများကို ဂုဏ်ကျက်သရေရှိခြင်းသို့ ခေါ်ဆောင်ခြင်းသည် သင့်တော်လှပါသည်၊ သူတို့၏ကယ်တင်ခြင်းကို ပြုလုပ်ပေး သူခေါင်းဆောင်ဖြစ်၍၊ ဝေဒနာခံစားခြင်းများအားဖြင့် ကယ်တင်ခြင်းကို ပြည့်စုံစေမည်ဖြစ်သည်။

(မူရင်းကျမ်းစာအတိုင်း ဘာသာပြန်ခြင်းဖြစ်သည်၊ ဆရာယုဒသန်၏ မြန်မာကျမ်းနှင့် အနည်းငယ်ကွားခြားပါသည်။)